(Financial Sector Development Project အောက်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ချေးငွေ USD 25 million နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း)

၁။ **ရည်ရွယ်ချက်**

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး၊ ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ မူဝါဒများအားခေတ်နှင့်အညီပြင်ဆင်ရေးဆွဲနိုင်ရေး၊ မြန်မာ့ငွေရေးကြေးရေးအဖွဲ့အစည်းများအခန်းကဏ္ဍ၊ ငွေကြေးဈေးကွက်နှင့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးတို့အား အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်နှင့်အတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂။ **Project ဆိုင်ရာအချက်အလက်များ**

| | | |
|---|---|---|
| Lender | - | World Bank International Development Association (IDA 17) |
| Amount | - | USD (100) Million |
| Responsible | - | Ministry of Planning and Finance (USD 75 million) and Central Bank of Myanmar (USD 25 million) |
| **Loan Term** | **-** | Maturity Term-38 years<br>Grace Term -6 years<br>Repayment Term -32 years |

၃။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် USD 25 million နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ**

(က) CBM သည် MoPF ထံမှ Sub Financing Agreement (USD 25 million) အတွက်နှင့် MoPFနှင့် World Bank တို့ချုပ်ဆိုသော USD 100 million ပါ မူရင်း Loan Agreement ရှိ CBM မှ ဆောင်ရွက်ရမည့် အချက်များကို ဆောင်ရွက်မည်ဖြစ်ကြောင်းပြည်ထောင်စုလွှတ်တော်က (၁၆-၈-၂၀၁၆)နေ့တွင် အတည်ပြုပြီးနောက် Legal Process များရယူပြီး Sub Financing Agreement နှင့် Project Agreement များအတွက် (၁၁.၄.၂၀၁၇)ရက်နေ့တွင် MoPFနှင့် CBM တို့ လက်မှတ်ရေးထိုးခဲ့ပြီး၊ Agreement များစတင်အကျိုးသက်ရောက်သည့်နေ့မှာ (၂၇.၆.၂၀၁၇) ဖြစ်ပါသည်။ Project ကာလမှာ ၂၀၁၇ခုနှစ်မှ၂၀၂၂ခုနှစ်ထိ (၄)နှစ်ဖြစ်ပါသည်။

**World Bank ချေးငွေအောက်တွင် အကောင်အထည်ဖော်မည့် ကိစ္စရပ်များ**

(ခ) World Bank နှင့် လွှတ်တော်မှအတည်ပြုထားသောဗဟိုဘဏ်မှ အဓိက အကောင်အထည်ဖော်ရမည့် ကိစ္စရပ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(၁) Training Center Development and Legal and Regulatory Advisory/ Consultant/ Capacity Building (USD-6 Million)

(၂) Restructure / Modernized the CBM (IT System/ Human Resource Development, Institutional Development, Government Structure, IT Consultant (USD-2 Million)

(၃) Enhance the Payment System (USD-16 Million)

(၄) PCU (Office Equipment, Training, PM and FM Consultants Fees (USD-1 Million)

(ဂ) World Bank Project အတွက် လွှတ်တော်မှ (၁၆-၈-၂၀၁၆) အတည်ပြုပြီးနောက်မှ JICA သည် ဗဟိုဘဏ်/World Bank နှင့် သုံးဦးကော်မတီ အစည်းအဝေးတွင် Payment System အတွက် လက်ရှိ CBM-NET Phase 2 ကို Grant အဖြစ် ဆောင်ရွက်ပေးရန် တာဝန်ယူသဖြင့် အမှတ်စဉ် (၃) ပါ Payment System Development အောက်တွင် Fully implementation of Accounting System, Accounting Consultant, Training, Currency Management Upgrade, Government Payment Platform, Management Information System အောက်တွင် Data Server for Reporting and Data Collection, FIN Inform Service and Business Intelligence Solution of SWIFT, CBM Cloud Based Email System တို့ကိုအကောင်အထည်ဖော်ရန် ဗဟိုဘဏ်ဌာနအသီးသီး၏ လိုအပ်ချက်များအရ လျာထားဆောင်ရွက်ပါသည်။

**ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

(ဃ) MoPF ၏ USD 75 million အောက်တွင် Disbursement Linked Indicator (DLI 2.1) အရဗဟိုဘဏ်သည် Regulation များကိုထုတ်ပြန်ရန် ထည့်သွင်းထားသဖြင့် အောက်ပါ Regulation များကိုထုတ်ပြန်ပြီးဖြစ်ပါသည်-

(၁) Capital Adequacy Regulation-Notification No.(16/2017)

(၂) Asset Classification and Provisioning Regulations-Notification No.(17/2017)

(၃) Large exposures Regulation Notification No.(18/2017)

(၄) Liquidity Ratio Requirement Regulation – Notification No.(19/2017)

ဆက်လက်ထုတ်ပြန်ရန်လိုအပ်သည့် အောက်ပါ Regulation များကို World Bank နှင့် စိစစ်ဆောင်ရွက်လျက်ရှိပါသည်-

(၁) Fit and Proper Regulation

(၂) Substantial Interest

(၃) Board of Director

(၄) External Audit

(၅) Related Party Lending

(င) World Bank ၏ Project Operational Manual အရProject Director (DG) level ထားရှိပြီး Project Coordination Unit, Financial Management Unit, Procurement Management Unit များနှင့် ဆက်စပ်ဆောင်ရွက်မည့် လုပ်ငန်း Function များအလိုက် ဌာနအသီးသီးမှ အဖွဲ့ဝင်များပါဝင်သော Working Group အသီးသီးဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ World Bank နှင့်ညှိနှိုင်း ဆွေးနွေးချက်များအရ ၂၀၁၇-၂၀၁၈ ၊ ၂၀၁၈-၂၀၁၉ တို့အတွက် 18 Months Procurement Plan ကိုရေးဆွဲပြီးစီးပြီး World Bank ၏ STEP System သို့ထည့်သွင်း Register ပြုလုပ်ခဲ့ပြီး Consultant များငှားရမ်းရေးကိုဆောင်ရွက် လျက်ရှိပါသည်။

(စ) World Bank မှပေးပို့လာသော Project နှင့်ဆက်စပ်သည့် အောက်ပါ Terms of Reference များကိုစိစစ်ဆောင်ရွက်ပြီး Consultant ငှားရမ်းရေးအတွက် World Bank မှသတ်မှတ်ထားသည့် အဆင့်များအတိုင်း Express of Interest (EOI) ခေါ်ယူ၍ စိစစ် ဆောင်ရွက်လျက်ရှိပါသည်-

(၁) TORs for General Ledgerအတွက် Oracle Consultants (EOI / Interview ဆောင်ရွက်ပြီးဖြစ်ပါသည်။)

(၂) TORs for IT Consultant (EOI ဆောင်ရွက်ပြီး)

(၃) TORs for Restructuring and Modernization of CBM

(၄) TORs for Training Center

(၅) TORs for International Procurement Specialist (MoPFနှင့် ပူးတွဲ ခန့်ထားရန်ဖြစ်၍ EOI / Interview ဆောင်ရွက်ပြီးဖြစ်ပါသည်။)

(၆) TORs for International Financial Management Specialist (MoPFနှင့် ပူးတွဲခန့်ထားရန်ဖြစ်၍ EOI / Interview ဆောင်ရွက်ပြီးဖြစ်ပါသည်။)

(၇) TORs For External Audit (MoPFနှင့်ပူးတွဲဆောင်ရွက်ရမည့် ကိစ္စဖြစ်ပြီး World Bank ၏ အတည်ပြုချက် ရယူထားပါသည်)

(ဆ) ၂၀၁၇-၂၀၁၈ တွင်ဆောင်ရွက်မည့် Work Plan အရလျာထားချက်များ အနက် အပိုဒ် (ဆ) ပါ Consultant များခန့်ထားရေးကိုဆောင်ရွက်လျက်ရှိခြင်း ကြောင့် PCU Office အတွက် Equipment များ၊ Furniture များအတွက် သာ World Bank ၏ Procurement Method အရ USD 15,000/- ကိုသာ ထုတ်ယူသုံးစွဲခဲ့နိုင်ပါသည်။

(ဇ) ၂၀၁၇-၂၀၁၈ တွင် ဆောင်ရွက်ရန်လျာထားသော်လည်းမဆောင်ရွက်နိုင်သည့် Work Plan များကို ၂၀၁၈-၂၀၁၉ (၆) လ ဘဏ္ဍာရေးနှစ်နှင့် (၁၂) လ ဘဏ္ဍာရေးနှစ်တို့တွင် အကောင်အထည်ဖော်ရန် ဆက်လက်လျာထားပြီးပြည်ပချေးငွေဘတ်ဂျက် အသုံးစရိတ် တွင်လည်းလျာထားခဲ့ပြီးဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကြီးကြပ်မှုကော်မတီကို (၂၈-၁-၂၀၁၆) ရက်နေ့တွင် MoPF ၊ CBM ၊ နိုင်ငံပိုင်ဘဏ်အသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာ့အာမခံလုပ်ငန်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး Project အကောင်အထည်ဖော်ပြီးမြောက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရန် ကိစ္စများကို အဆိုပါကော်မတီမှ တစ်လတစ်ကြိမ် အစည်းအဝေးခေါ်ယူ၍ အကောင်အထည်ဖော်လျက်ရှိပါသည်။